# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
## ၂၀၀၁ ခုနှစ်၊ ရှေ့နေချုပ်ဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁/၂၀၀၁)
## ၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
## (၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်

၁။ ဤဥပဒေကို **၂၀၀၁ ခုနှစ်၊ ရှေ့နေချုပ်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

## အခန်း (၂)
## ရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်ခန့်ထားခြင်း

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဤဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန် အလို့ငှာ ရှေ့နေချုပ်တစ်ဦးနှင့် ဒုတိယရှေ့နေချုပ်တစ်ဦးတို့ကို ခန့်ထားရမည်။

## အခန်း (၃)
## ရှေ့နေချုပ်၏ တာဝန်များ

၃။ ရှေ့နေချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကဖြစ်စေ၊ အစိုးရအဖွဲ့ကဖြစ်စေ၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ ဥပဒေအကြံဉာဏ် တောင်းခံပါက ဥပဒေအကြံဉာဏ်ပေးခြင်း၊

(ခ) ပြစ်မှုဆိုင်ရာ အမှုများတွင် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

(ဂ) အစိုးရက တရားလို သို့မဟုတ် တရားပြိုင်အဖြစ် ပါဝင်သော တရားမမှုများတွင် အစိုးရဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

(ဃ) တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိပါက တရားရုံးချုပ်သို့ လိုအပ်သလို အယူခံမှု၊ အထူးအယူခံမှု သို့မဟုတ် ပြင်ဆင်မှုတင်သွင်းခြင်း၊

(င) ဥပဒေများ စိစစ်ခြင်း၊ ရေးဆွဲခြင်းနှင့် ဘာသာပြန်ဆိုခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင် နိုင်ငံတော်က ပါဝင်ရန် သင့်မသင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများအား ဥပဒေအကြံဉာဏ်ပေးခြင်း၊

(ဆ) နိုင်ငံအချင်းချင်းချုပ်ဆိုသည့် သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ၊ သဘောတူညီချက်မှတ်တမ်းများ၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းများ၊ အခြားစာချုပ်စာတမ်းများနှင့် စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းများအား ဥပဒေအကြံဉာဏ်ပေးခြင်း၊

(ဇ) အစိုးရဌာန၊ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိပါက သက်ဆိုင်ရာသို့ ညွှန်ပြခြင်း၊

(ဈ) ပြည်သူများ၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်နှင့် အခွင့်အရေးများ အပြည့်အဝခံစားနိုင်ရေးအတွက် ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ခြင်း၊

(ည) ရှေ့နေချုပ်ရုံး၊ ဥပဒေရုံးအဆင့်ဆင့်နှင့် ဥပဒေအရာရှိများအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဋ) တည်ဆဲဥပဒေနှင့် နည်းဥပဒေများအရဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များနှင့်ညွှန်ကြားချက်များအရဖြစ်စေ သတ်မှတ်ထားသော အခြားတာဝန်များ ထမ်းဆောင်ခြင်း၊

(ဌ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပေးအပ်သော အခြားတာဝန်များ ထမ်းဆောင်ခြင်း။

## အခန်း (၄)
## ရှေ့နေချုပ်၏ လုပ်ပိုင်ခွင့်များ

၄။ ရှေ့နေချုပ်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) ဒုတိယရှေ့နေချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း၊

(ခ) တရားရုံးတွင် တရားစွဲဆိုထားသော ပြစ်မှုဆိုင်ရာ အမှုတွင် စွဲချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တရားခံတစ်ဦးဦးကိုဖြစ်စေ၊ အမှုတစ်ရပ်လုံးကိုဖြစ်စေ လိုအပ်ပါက ပြန်လည်ရုပ်သိမ်းခြင်း၊

(ဂ) ပြစ်မှုဆိုင်ရာ အမှုပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဃ) တရားရုံးက အပြီးအပြတ်လွှတ်သည့် အမိန့်ကို အယူခံဝင်ရောက်သင့်သည်ဟု ယူဆပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ တရားရုံးချုပ်သို့ အယူခံဝင်မှု တင်သွင်းခြင်း၊

(င) ဥပဒေရေးရာနှင့် စပ်လျဉ်း၍ ကြည့်ရှုစိစစ်ရန် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ လိုအပ်သည့် အမိန့်များ၊ ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များ၊ ဆောင်ရွက်ချက်များ၊ အမှုတွဲများနှင့် အခြားစာရွက်စာတမ်းများကို တောင်းယူခြင်း၊

(စ) အများပြည်သူဆိုင်ရာ လျှုဒါန်းမှုနှင့် စပ်လျဉ်း၍ တရားစွဲဆိုနိုင်ရန် တရားမကျင့်ထုံးဥပဒေအရ ခွင့်ပြုမိန့်ထုတ်ပေးခြင်း။

၅။ ရှေ့နေချုပ်သည် မိမိအား ပုဒ်မ ၃ နှင့် ၄ တို့အရ အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဥပဒေအရာရှိများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၅)
## ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့် ဖွဲ့စည်းခြင်း

၆။ ရှေ့နေချုပ်သည် -

(က) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ရှေ့နေချုပ်ရုံး၊

(၂) ပြည်နယ်၊ တိုင်း၊ ဥပဒေရုံး၊

(၃) ခရိုင်ဥပဒေရုံး၊

(၄) မြို့နယ်ဥပဒေရုံး။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ရှေ့နေချုပ်ရုံး၊ ရုံးခွဲနှင့် ပြည်နယ်၊ တိုင်းဥပဒေရုံး၊ ရုံးခွဲများကို ဖွဲ့စည်းနိုင်သည်။

(ဂ) ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တွင် လိုအပ်သော ဥပဒေအရာရှိ အင်အားနှင့် ဝန်ထမ်းအင်အားတို့ကို ဖွဲ့စည်းပုံဖြင့် သတ်မှတ်ထားရှိရမည်။

## အခန်း (၆)
## ဥပဒေအရာရှိများ၏ လုပ်ငန်းတာဝန်များ

၇။ ရှေ့နေချုပ်ရုံးရှိ ဥပဒေအရာရှိများသည် ရှေ့နေချုပ်က လွှဲအပ်ပေးသည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၈။ ရှေ့နေချုပ်ရုံးရှိ ဥပဒေအရာရှိများသည် ဥပဒေစာအုပ်စာတမ်းများ၊ ဥပဒေလက်စွဲများ၊ စာစောင်များပြုစုခြင်းနှင့် ထုတ်ဝေခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၉။ ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများသည် သတ်မှတ်ချက်များနှင့်အညီ အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) သက်ဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ ဥပဒေအကြံဉာဏ် တောင်းခံပါက ဥပဒေအကြံဉာဏ်ပေးခြင်း၊

(ခ) ပြစ်မှုဆိုင်ရာ အမှုများတွင် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

(ဂ) အစိုးရက တရားလို သို့မဟုတ် တရားပြိုင်အဖြစ် ပါဝင်သော တရားမမှုများနှင့် စပ်လျဉ်း၍ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် အစိုးရဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

(ဃ) ပြစ်မှုဆိုင်ရာ အမှုများကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေနှင့်အညီ ဖြစ်စေရန် စိစစ်ခြင်းနှင့် ဥပဒေအကြံဉာဏ်ပေးခြင်း၊

(င) ဥပဒေရုံး၏ ဥပဒေအကြံဉာဏ်ပေးချက်နှင့်အညီ သက်ဆိုင်ရာ တရားစွဲ အဖွဲ့အစည်းက လိုက်နာဆောင်ရွက်ခြင်းရှိမရှိ စိစစ်တင်ပြခြင်း၊

(စ) တရားစွဲအဖွဲ့အစည်းက ချုပ်မိန့်တောင်းခံသည့်အခါ တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် ညီညွတ်ခြင်းရှိမရှိ စိစစ်ခြင်း၊

(ဆ) ပြစ်မှုဆိုင်ရာ အမှုများတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့်အညီ အစိုးရသက်သေပြုလုပ်၍ တရားစွဲဆိုခြင်းမှ လွတ်ငြိမ်းခွင့်ပေးရန် ဆုံးဖြတ်ခြင်း၊

(ဇ) တရားရုံးတွင် တရားစွဲဆိုထားသော ပြစ်မှုဆိုင်ရာ အမှုတွင် စွဲချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တရားခံတစ်ဦးဦးကိုဖြစ်စေ၊ အမှုတစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ရုပ်သိမ်းရန် သင့်မသင့် သတ်မှတ်ချက်နှင့်အညီ စိစစ်ခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(ဈ) ပြစ်မှုဆိုင်ရာ အမှုများ ပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(ည) သေဒဏ်ထိုက်သင့်သော ပြစ်မှုဆိုင်ရာ အမှုကို ကျူးလွန်ကြောင်း စွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသည့် တရားခံအတွက် တရားရုံးတွင် လိုက်ပါဆောင်ရွက်ရန် ရှေ့နေငှားရမ်းပေးခြင်း၊

(ဋ) ဥပဒေအရာရှိ လိုက်ပါဆောင်ရွက်သော ပြစ်မှုဆိုင်ရာ အမှုတွင် တရားလိုဘက်မှ ငှားရမ်းသည့် ပြင်ပရှေ့နေအား သတ်မှတ်ချက်များနှင့်အညီ ကြီးကြပ်ခြင်း၊

(ဌ) တရားရုံး၏ စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်သည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ယူဆပါက သက်ဆိုင်ရာ တရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခြင်း၊

(ဃ) တရားရုံးက အပြီးအပြတ်လွှတ်သည့် အမိန့်ကို အယူခံဝင်ရောက်သင့်သည်ဟု ယူဆပါက သတ်မှတ်ချက်များနှင့်အညီ ရှေ့နေချုပ်ရုံးသို့ တင်ပြခြင်း၊

(င) ရှေ့နေချုပ်က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၇)

## အထွေထွေ

၁၀။ ဤဥပဒေအပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ရှေ့နေချုပ်သည် -

(က) လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၁၁။ ရှေ့နေချုပ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃/၈၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ)

သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ